ဝေဒင်္ဂ၏ဘာသာပြန်စာစဉ်

ဗေဒင် လက္ခဏာ ကျမ်းပြုပညာရှင်

ဆရာ

# ဒဂုန်



# နဒီဗေဒင်ကျမ်း

Nadi Astrology by S.S.Sarinn

# (မိတ်ဆက်စကား)

ဗေဒင်ပညာဆိုတဲ့ စကားလုံးလေး လေးလုံးရှိလို့သာ၊ ငါးလုံးများဖြစ်ခဲ့ရင်ဘယ်လောက်ဇာချဲ့ ကြမလဲလို့ စဉ်းစားမိတာ အခါခါပါ။

နက္ခတ်ဗေဒင်ပညာဟာ လူ့ကံကြမာကိုဖတ်တဲ့ ပညာရပ်တွေထဲမှာ အရမ်းနေရာယူထား ပါတယ်။နည်းလမ်းအမျိုးမျိုး၊ စနစ်အဖုံဖုံ၊ ဟောကိန်းတွေက များမှများ အပါးပါးဆိုတဲ့ အထဲကပါပဲ။

မြန်မာလူမျိုးနဲ့ နဒီဗေဒင်ပညာနဲ့ နည်းနည်းဝေးကြပေမယ့် ဆရာကြီးဒေါက်တာဘိုလေးက ရေဂနဒီနဲ့ သတရိသျှိနဒီ ကျမ်းနှစ်ကျမ်းကို ထုတ်ပေးခဲ့ဖူးလို့ နားတော့ယဉ်စပြုနေပါပြီ။ အခု ကျွန်တော် အိန္ဒိယကာျလာတဲ့ နကတ်ဗေဒင်ကျမ်းမျိုးစုံထဲက ကမ္ဘဇီဂဏလို့ခေါ်တဲ့က နေယုဂ်စာအုပ် နဲ့ အံသာနဒီလို့ခေါ်တဲ့က အံသာအရဟောရတဲ့ စာအုပ်နှစ်အုပ်ကို စီစဉ်ပေးလိုက်ရပါတယ်။

အဲဒီ နှစ်အုပ်စလုံးဟာ နဒီဗေဒင်ပညာတွေ ဖြစ်ပါတယ်။ ဒီစာအုပ်ဟာ အံသာအပေါ်အခြေခံပြီး ဟောထားတဲ့ စာအုပ်ပါ။

ကိုယ့်ဇာတာထဲက ဂြိုဟ်တွေရပ်တည်တဲ့ အံသာအပေါ်ကြည့်ပြီးဟောရတဲ့နည်းပါ။ အင်မတန်ရှားပါးပါ တယ်။

ဒီနည်းလမ်းကို ဆင်းဆတစ်ပွိုင့်လို့ခေါ်ပါတယ်။ အိန္ဒိယလိုတော့ ဗိန္ဒုအံသာလို့ခေါ်တယ်။ မြန်မာလိုတော့ နဒီဗေဒင်အဟောလို့ပဲခေါ်ရမှာပါ။

ဒီနည်းကို သုံးဖို့က သိပ်မခက်ခဲပါဘူး။ ဂြိုဟ်တစ်လုံးရဲ့ ပရိယာယ် ကိုသိထားရပါမယ်။ အဲဒီ ဂြိုဟ် ပရိယာယ်နဲ့ အံသာအရဖြစ်လာတဲ့ ပရိယာယ် နှစ်ခုကိုပေါင်းစပ်တာပါပဲ။ စရိုက်နဲ့ ဗီဇကိုတော့ အသေးစိတ်ဟောနိုင်ပါတယ်။ နောက်တော့ ကောဇာမှာရောက်လာတဲ့ ဂြိုဟ်ကောင်း ဂြိုဟ်ဆိုးတွေပေါ်လည်းမူတည်ပြီး ဟောနိုင်ပါလိမ့်မယ်။

အံသာတစ်ခုမှာ အဟောတစ်ခုသာဖြစ်ပါတယ်။ ဒီနည်းက အလွယ်လေးဟောလို့ရတယ်။ ကောဇာလည်းဟောလို့ရပါတယ်။ အဟောရှင်တာပေါ့။ အံသာကို အခြေခံပြီး ဟောစာတန်းရေးလို့ လည်းရပါတယ်။ အံသာအဟောလို့ ပြောလည်းရပါတယ်။

ဂြိုဟ်တစ်လုံးဟာ အံသာတစ်ခုပေါ်ရောက်ရင် ဂြိုဟ်ဟာ မူလပရိယာယ်အရ အဟောထွက်လာ ပါလိမ့်မယ်။ အံသာရဲ့ ပရိယာယ်အရအစောကို သိနိုင်ဖို့အတွက် ဒီစာအုပ်လေးကို စီစဉ်ပေးရတာ ပါ။

မကြားဘူးသေးတော့ နည်းနည်းတော့စိမ်းမယ်။ ပြီးရင် ရင်းနှီးသွားရင် အလုပ်လုပ်လို့ရလာပါ လိမ့်မယ်။ ဒါကိုက ကျွန်တော့ရဲ့ဆနပါ။ ခင်ဗျားတို့အတွက်ပါ။

အရှေ့တိုင်းက သဝယ်လာတဲ့ စာအုပ်တွေထဲက ကောင်းနိုးရာရာ ထုတ်နုတ်ရေးပေးတာပါ။ လူတိုင်းတတ်မြောက်ဖို့ပါ။ ဒီလောက်ဆိုရင်ပဲ ကျေနပ်လှပါတယ် ။

**မင်္ဂလာရှိပါစေ။**

**ဆရာဒဂုန်**

**၁၊၁၁၊၂၀၀၀**

*

အခန်း (၁)

# မိဿရာသီ

ဂ၁ - ၁၁ အတွင်း ။ ။ ဒီလိုအံ့သာမှာ မွေးဖွားလာခဲ့တဲ့ လူဟာရည်မှန်းချက်ကြီးမားစွာနဲ့ အမြဲတမ်းအပင်ပန်းခံပြီး လုပ်တတ်တဲ့လူပါ။ အလုပ်နဲ့လက် မပြတ်တမ်းအမြဲတမ်းအားကြိုးမာန်တက် ဆောင်ရွက်တတ်သူလည်းဖြစ်ပါတယ်။ ဇွဲကောင်းပြီးတော့ ခံနိုင်ရည်လည်းရှိပါတယ်။

ဒါပေမယ့် စည်းကမ်းတော့ မရှိတတ်ပါဘူး။ စည်းကမ်းစနစ်ကျကျမနေတတ်တဲ့သူပါ။ သူများက ညွှန်ကြားပေးတာကိုလည်းမခံချင်တတ်တဲ့သူလည်းဖြစ်ပါတယ်။ ကိုယ့်အသိတရားနဲ့ကိုယ် နေထိုင်လုပ် ကိုင်တတ်သူလည်းဖြစ်ပါတယ်။ မဟုတ်မခံစိတ်ရှိပြီးတော့ မာနကြီးတတ်သူမျိုးပါ။ စိတ်တိုလွယ်၊ ဒေါသကြီးလွယ်တဲ့သူပါ။.

ဘဂတိုက်ပွဲမှာတော့ ရန်ပါမှအကျိုးပေးတတ်တဲ့ ကံပါပါတယ်။ ထက်ထက်မြက်မြက်ရှိသူ၊ သွက်သွက်လက်လက်ရှိသူ ဖြစ်ပါတယ်။ ခွန်အားဗလမာန်၊ မာနနဲ့က အမျက်ဒေါသတို့ကို အခြေခံ ထားလေ့ရှိသူဖြစ်ပါတယ်။

၁၁ - ၂ အတွင်း ။ ။ ကိုယ့်ကိုကိုယ် သိပ်အထင်ကြီးလွန်းတယ်၊ စိတ်လွတ်လပ်မှုကို မြတ်နိုး တတ်သူလည်းဖြစ်ပါတယ်။ တစ်ယူသန်ဖြစ်ပြီးတော့ ကိုယ့်အမြင် ကိုယ့်အသိနဲ့ တစ်ဖက်စွန်းကို ရောက်နေတတ်သူလည်းဖြစ်ပါတယ်။ ကိုယ့်အရည်အသွေးကို အများက လက်ခံလာအောင် အမျိုးမျိုးကြိုးစားတတ်သူလည်းဖြစ်ပါတယ်။ လူစွမ်းကောင်းဝါဒနဲ့ တစ်ကိုယ်တော်စွမ်းရည်ကို သိပ်ပြချင်တတ်သူပါ။ ကိုယ့်ကိုကိုယ် ဘာကောင်ဆိုတာသိပ်ပြီးတော့ ပြချင်တတ်သူဖြစ်ပါတယ်။

၂၂ - ၃၀ ။ ။ အေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ်နေတတ်သူ တစ်ယောက်ဖြစ်ပါ တယ်။ အများနဲ့ ပြေလည်အောင်ဆက်ဆံတတ်ပြီး လိုက်လျောညီထွေဖြစ်အောင်နေတတ်ထိုင်တတ် သူပါ။ အားလုံးအပေါ်မှာ မေတ္တာတရားနဲ့ဆက်ဆံပြီး အဆင်ပြေညီညွတ်မှုကို ရယူတတ်သူလည်း ဖြစ်ပါတယ်။ အများကချီးကျူးထောပဏာပြုတာကို ခံယူပြီးသဘောကျတတ်သူလည်းဖြစ်ပါတယ်။ ဘယ်တော့မှ ရိုင်းရိုင်းစိုင်းစိုင်းပြုမူဆောင်ရွက်တတ်သူ မဟုတ်ပါ။ စိတ်ဓာတ်အခြေခံကတော့ အင်မတန်ပျော့ပြောင်းနူးညံ့တတ်သူ ဖြစ်ပါတယ်။ သဘောထား သေးသိမ်ပြီးတော့ အခွင့်အရေး ယူတတ်တဲ့ အပေါင်းအသင်းတွေက အမျိုးမျိုးနှောက်ယှက်တာကိုခံရတတ်ပါတယ်။ ဘဝမှာ စည်းစိမ် နဲ့နေရတတ်ပါတယ်။

၃၀ - ၄၀ အတွင်း ။ ။ အမူအယာကြမ်းတမ်းပြီးတော့ မယဉ်ကျေးလှသော်လည်း နှလုံးသား ကတော့ ဖြူစင်တတ်ပါတယ်။ သဘောထားလည်းကြီးပါတယ်။ ဒါပေမယ့် ဆင်ခြင်မှုက တော့ နည်းပါးတတ်ပါတယ်။ ပစ္စည်းဥစ္စာတွေအပေါ်မှာ အပေါင်းအသင်းများအကြောင်းပြု ၍ ပျက်စီးရ တတ်ပါတယ်။ ဘဝမှာ အခက်အခဲမျိုးစုံနဲ့ တွေ့ရတတ်ပါတယ်။

စိတ်သဘောထားကတော့ အများနဲ့ ဆက်ဆံတဲ့အခါမှာ ဖြစ်စေ ကိုယ့်မိသားစုနဲ့ဆက်ဆံတဲ့ အခါမှာဖြစ်စေ စိတ်နှလုံးဖြူစင်သန့်ရှင်းစွာ ပြုမူပြောဆိုနေထိုင်တတ်သူဖြစ်ပါတယ။ အပြောကတော့ နည်းနည်းဆိုးပါတယ်။ ဟောဟောဒိုင်းဒိုင်း ကြမ်းကြမ်းတမ်းတမ်းကြီး နေထိုင်တတ်ပါတယ်။ အရာရာကို ခွင့်လွှတ်တတ်သူလည်းဖြစ်ပါတယ်။ စိတ်သဘောထားအင်မတန်ကြီးကျယ်မြင့်မြတ်သူ ဖြစ်ပါတယ်။ အကောင်းမြင်ဝါဒနဲ့ အမြဲနေတတ်သူဖြစ်ပါတယ်။

၄၀ - ၅၀ အတွင်း ။ ။ ထူးခြားတဲ့ အသစ်အဆန်းတွေကို တီထွင်တတ်သူ

သမရိုးကျလုပ် တတ်သူမျိုးဖြစ်ပါတယ်။ အရာရာကို
အထူးပင်ကြိုးစားလုပ်ကိုင်တတ်တဲ့သူဖြစ်တော့ နောက်ဆုံးမှာ တော့
ဘဝအခြေအနေပိုင်ပိုင်နဲ့ အာမခံချက်ရှိတဲ့ဘဝမျိုးကို ပိုင်ဆိုင်ရရှိတတ်ပါတယ်။
ဘဝအကျိုးပေးအရ ဘေးအန္တရာယ်ထူပြောတဲ့ အလုပ်အကိုင်မျိုး
စွန့်စားမှုအများအပြားကို ကျော်လွှား ရတတ်ပါတယ်နောက်ပိုင်းမှာတော့
အခြေအနေအရပ်ရပ်ကြောင့် မဟုတ်ဘဲ လုံ့လဝီရိယတွေနဲ့
အောင်မြင်မှုကိုရရှိတတ်သူဖြစ်ပါတယ်။

ဘဝတွင်မရေမရာဖြစ်ရာမှ သူမတူအောင်ကြိုးစားတတ်သူဖြစ်လို့
အောင်မြင်ခြင်း၊ ပြီးပြည့်စုံ ခြင်းနှင့် ဘဝကိုရရှိပိုင်ဆိုင်ရသူဖြစ်ပါတယ်။

၅၁ - ၆၀ အတွင်း ။ ။ အရာရာမှာ ဩဇာတက္ကမနဲ့ ပြည့်စုံသူ
သူတစ်ပါးအပေါ် လမ်းညွှန်မှု ပေးနိုင်တဲ့သူဖြစ်ပါတယ်။ လူအများအပေါ်မှာ
ဩဇာလွှမ်းမိုးနိုင်ပြီး အုပ်ချုပ်သူလူတန်းစားဘဝနဲ့ ရပ်တည်နေထိုင်ရတတ်ပါတယ်။
အရာရာမှာ အမြော်အမြင်ကြီးပြီး ရေရှည်တွေးခေါ်တတ်တဲ့သူလည်း ဖြစ်ပါတယ်။
ရေရှည်ကို တွေးမြင်တတ်ပြီးတော့ လူတိုင်းနှင့်လည်း သင့်တင့်အောင်
ပေါင်းသင်းဆက်ဆံ တတ်ပါတယ်။

အရာရာကို အောင်မြင်မှုရရှိတတ်သူဖြစ်ပေမယ်
အလုပ်တစ်ခုကိုလုပ်ကိုင်တဲ့နေရာမှာတော့ အခက်အခဲအကျပ်အတည်းတွေ
ဒုက္ခတွေနဲ့ ရင်ဆိုင်တွေ့ကြုံရတတ်သူပါ။ ဘယ်လိုပင် အခက်
အခဲမျိုးစုံနဲ့တွေ့နေရတတ်ပေမယ့် နောက်ဆုံးမှာတော့ အခက်အခဲဟူသမျှကို
အောင်မြင်ကျော်လွှား သွားနိုင်တဲ့ အရည်အသွေးရှိတတ်ပါတယ်။ ဘဝတွင်
အခြေတကျအထက်တန်း ကျကျ နေထိုင်ရတတ် ပါတယ်။ စည်းစိမ်ဥစ္စာ
ရတနာရွှေငွေနဲ့ ပြည့်ဝချမ်းသာစွာ နေထိုင်ရတတ်ပြီး အများအပေါ်မှာ ဩဇာ
လွှမ်းမိုးနိုင်သူဖြစ်ပါတယ်။

၆၁ - ၇၀ အတွင်း ။ ။ အရာရာမှာ သတိရှိတတ်သူပါ။

သတိလက်လွတ်မဖြစ်တတ်ဘဲ အလုပ်တစ်ခုကို စေ့စေ့စပ်စပ်အကွက်ချပြီး လုပ်ကိုင်စီစဉ်တတ်သူဖြစ်ပါတယ်။ အနည်းငယ် ကောက်ကျစ်စဉ်းလဲတတ်သူလည်းဖြစ်ပါတယ်။

ကိုယ်ကဘာအလုပ်ကိုပဲလုပ်လုပ် အကျိုးအမြတ်ခံစားခွင့် ကိုယ့်အတွက် အကျိုးရှိ၊ မရှိ အရင်တွေးပြီး ကိုယ့်အတွက်ကျန်မှ၊ အကျိုးအမြတ်ရှိမှ အလုပ်တစ်ခုကို လုပ်တတ်သူပါ။ ကိုယ့်အတွက် အခွင့်အရေးတစ်ခုမှ မရခဲ့ရင် ဘာအလုပ်ကိုမှ မလုပ်ကိုင်တတ်ပါဘူး။ ဖြစ်ပေါ်လာသမျှ ဘေးဒုက အန္တရာယ် များကို လိမ္မာပါးနပ်စွာရှောင်ကွင်းပြီးတော့ ကိုယ့်အကျိုးအမြတ်ကို ရအောင်ယူတတ်တဲ့ စွမ်းရည်ရှိတဲ့သူဖြစ်ပါတယ်။

အင်အားကို သုံးပြီး ရန်ရှာတတ်တဲ့ အပြုအမူမျိုး၊ အမြတ်ထုတ်တာမျိုးတော့ တကယ့်ကို ဝါသနာမပါတတ်ပါ။ တကယ့်ပါးပါးနပ်နပ်နဲ့ရှောင်ပြီး ပရိယာယ်သုံးပြီးအန္တရာယ်ကင်းအောင်နေတတ်တဲ့သူပါ။ သတိကြီးကြီးထားပြီး ဘေးဒုက္ခ ကို ရှောင်နိုင်သူဖြစ်သလို ဖြတ်ထိုးဉာဏ်၊ တခ်နုပတ္တိဉာဏ်နဲ့ အန္တရာယ်အသွယ်သွယ်ကို ရှောင်ကွင်းနိုင်တဲ့ဇာတာရှင်ပါပဲ။

ဂုံ - ၈ံ အတွင်း ။ ။ ထစ်ခနဲဆို ဒေါသကအရင်ထွက်တော့တာပါပဲ။ စိတ်ဆိုးတာ လည်းသိပ်မြန်တတ်ပါတယ်။ စိတ်ကလဲခပ်ဆတ်ဆတ်သမားပါ။ မိမိနေထိုင်ရတဲ့ ပတ်ဝန်းကျင်မှာ လည်း အဆင်ပြေညီညွတ်အောင်မနေတတ်မထိုင်တတ်ပါ။ အရာရာကို ပတ်ဝန်းကျင်နဲ့၊ သူတစ်ပါးနဲ့၊ အမြဲတမ်းယှဉ်ပြိုင်ပြီးဂုဏ်တု၊ ဂုဏ်ပြိုင်နေထိုင်ရတာ ၊ သူတစ်ပါးနဲ့ ယှဉ်ပြိုင်နေထိုင်ရတာ ကို ဝါသန ာပါပါတယ်။ သူတစ်ပါးရဲ့ အေးချမ်းသာယာမှုကိုမနာလိုမရှုစိမ့်ဖြစ်ပြီးတော့ နှောင့်ယှက်တတ် သူလည်းဖြစ်ပါတယ်။

အဲ့ဒီလိုပျော့ညံ့ချက်တွေကြောင့် ဘဝမှာ အန ရာယ်ထူပြောနေတတ်ပါတယ်။ အမြဲလိုလို

သတိလက်လွတ်ပြုမူဆောင်ရွက်တတ်တာကြောင့် ဘေးဒုက္ခအမျိုးမျိုးနဲ့ ရင်ဆိုင်တွေ့ကြုံနေရတတ်ပါ တယ်။

ဘယ်အရာမဆို စဉ်းစဉ်းစားစားမလုပ်ဘဲ စိတ်မြန်လက်မြန် ပြုမူဆောင်ရွက်တတ်လို့ ဘဝမှာ အေးအေးချမ်းချမ်းမနေရတတ်ပါ။ ပူပင်သောကတွေနဲ့ပဲလူဖြစ်နေရတတ်ပါတယ်။

၈ံ - ၉ံ အတွင်း ။ ။ ဘဝမှာ မိမိကိုယ်ကို အမြဲတစေယုံကြည်တတ်ပါတယ်။ ကိုယ့်မှာရှိတဲ့ ဇွဲလုံ့လဝီရိယတွေနဲ့ အောင်မြင်မှုကိုရယူတတ်တဲ့လူမျိုးဖြစ်ပါတယ်။ အများက မိမိအပေါ်လေးစား ကြည်ညိုပြီး အားကိုးနေတတ်ကြပါတယ်။ အများရဲ့ကောင်းကျိုးကိုလိုလားပြီး ကိုယ်ကျိုးမဖက်စိတ် စေတနာကောင်းမွန်စွာနဲ့ အကူအညီပေးနေရတတ်တဲ့ ဝါသနာလည်း ပါသူဖြစ်ပါတယ်။ အများက ကိုယ့်အပေါ်မှာ ယုံကြည်အားကိုအားထားပြုမှုကို ခံရတတ်ပါတယ်။

ဒီလိုဇာတာရှင်တွေဟာ ကောင်းရင်လည်းသူများထက်ကောင်းသလို ဆိုးပြီဆိုရင်လည်း သူများထက်ဆိုးတတ်သူပါပဲ။

အခက်အခဲဘေးဒုက္ခ အန္တရာယ်တွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ခေါင်းအေးအေးထားပြီး တည်ငြိမ်စွာနဲ့ ဖြေရှင်းရင်ဆိုင်ရတတ်သူဖြစ်ပါတယ်။ ရဲစွမ်းသတိ အပြည့်ရှိတဲ့ဇာတာရှင်တွေပါ။

အတ္တလွန်ကဲမှုမရှိသလို မာန်မာနတရားလည်းအင်မတန်မှ ကင်းရှင်းသူဖြစ်ပါတယ်။ အများနဲ့ ဆက်ဆံတဲ့နေရာမှာလည်း မကြာခဏအထင်မှား၊ အမြင်မှားခံရတတ်တဲ့သူ ဖြစ်ပါတယ်။ ရဲဝံ့စွန့်စားပြီး သေသေချာချာ တိတိကျကျ စီစဉ်တတ်မှုတွေကြောင့် ဘဝမှာအောင်မြင်မှုများနှင့် တွေ့ကြုံ နေရတတ် ပါတယ်။

လူတစ်ဖက်သားရဲ့ အခက်အခဲကိစ တွေကိုလည်းအတိုင်းအဆမထားဘဲ လိုလိုလားလား ကူညီဖြေရှင်းပေးတတ်သူဖြစ်ပါတယ်။ မေတ္တာတရားထားတဲ့

နေရာမှာလည်း နှောင်ကြိုးမဲ့ မေတ္တာဖြင့် နေထိုင်တတ်သူပါ။

၉ံ - ၁၀ံ အတွင်း ။ ။ ဘဂမှာထူးထူးခြားခြားအောင်မြင်တတ်ပါတယ်။ ရာထူး အန္တရ၊ အိုးအိမ်ဥစ္စာ ရတနာများနဲ့ ပြည့်စုံစွာနေထိုင်ရတတ်ပါတယ်။ အရာရာမှာ ရဲရဲဝံ့ဝံ့ ပြောဆိုတတ်သူဖြစ် ပါတယ်။ သူမတူအောင်လည်းစွန့်စားပြီး အလုပ်တစ်ခုကို လုပ်ကိုင်တတ်သူလည်းဖြစ်ပါတယ်။

ပြောစမှတ်တွင်ကျန်ရစ်အောင် တိုးတတ်ဖြစ်ထွန်းမှုမျိုးကို ရရှိခံစားရတဲ့သူဖြစ်ပါတယ်။ လူအများ အံ့သြချီးမွမ်းမှုခံရတတ်ပါတယ်။ အောင်မြင်ဖြစ်ထွန်းမှု တိုးတက်ကြီးမားချမ်းသာမှုနဲ့ ဘဂမှာ ခံစားနေရတတ်သူဖြစ်ပါတယ်။

မည်မျှပင်အနှောင့်အယှက် ဒုက္ခမျိုးစုံနဲ့ တွေ့ကြုံနေရစေကာမူမဖြစ်ဖြစ်အောင် ကျော်လွှား၍ အောင်မြင်မှုကိုရအောင် ကြိုးစားလုပ်ကိုင်တတ်သူလည်းဖြစ်ပါတယ်။ အခက်အခဲမှန်သမျှကို အမြဲဖွဲ့ ကောင်းကောင်းနဲ့ လုပ်ကိုင်ပြီး အောင်မြင်မှုရရှိတဲ့ကံ ပါပါတယ်။

၁၀ံ - ၁၁ံ အတွင်း ။ ။ စိတ်သဘောထားကတော့ အလွန်အင်မတန်နူးညံ့ပျော့ပျောင်းတတ်သူ ဖြစ်ပါတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာ ရှိတတ်ပါတယ်။ နေတာ၊ ထိုင်တာ၊ ပြောတာ၊ ဆိုတာက အစ လူတစ်ဖက်သားအပေါ်မှာ ကြင်ကြင်နာနာ ပြောဆိုတတ်သူဖြစ်ပါတယ်။

လူအများအပေါ် အကြင်နာပြည့်ဝစွာ မေတ္တာတရားကို အခြေခံထားပြီးဆက်ဆံတတ်ပါတယ်။ ဘယ်အလုပ်ကိုပဲလုပ်လုပ် ကိုယ့်အတွက် အကျိုးဖြစ်ထွန်းမှုကို မကြည့်ဘဲ အနစ်နာခံပြီး ဆောင်ရွက်လုပ်ကိုင်တတ်သူလည်းဖြစ်ပါတယ်။

မိမိနှင့် ဆက်ဆံနေထိုင်ရတဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ်မှာ မေတ္တာတရားနှင့် ကြင်နာ ယုယစွာ အမြဲတစေ ပြောဆိုနေထိုင်ပြီး အေးချမ်းမှု၊

သာယာမှုရှိအောင် ပြုလုပ်ဆောင်ရွက်တတ် သူလည်းဖြစ်ပါတယ်။
လူတစ်ဖက်သားစိတ်ချမ်းသာမှုရရှိနေရင် ကျေနပ်တတ်တဲ့လူမျိုးဖြစ်ပါတယ်။

၁၁ - ၁၂ အတွင်း ။ ။ အပေါင်းအသင်းတွေ အပေါ်မှာ
လိုက်လျောညီထွေဖြစ်အောင် ဆက်ဆံ တတ်သူဖြစ်ပါတယ်။
အလျှော့ပေးအနစ်နာခံပြီး ဆက်ဆံပေါင်းသင်းနေထိုင်တတ်သူ ဖြစ်ပါတယ်။
ကိုယ့်ဘက်မှာ ဘာအကျိုးမ မမျှော်လင့်ဘဲ ကူညီပံ့ပိုးတတ်သူလည်းဖြစ်ပါတယ်။
ကိုယ်သာ အနစ်နာခံတတ်တဲ့ အကျင့်ရှိသူဖြစ်ပါတယ်။

အလှူအတန်းဒါနပြုလုပ်ရာမှာလည်း အင်မတန်မှ
ရက်ရောတတ်သူဖြစ်ပါတယ်။ အလှူရေ စက် လက်နှင့်မကွာ
ပေးကမ်းစွန့်ကြဲနေတတ်သူဖြစ်ပါတယ်။ သဒ္ဓါတရားနဲ့ စေတနာထားတတ်သူပါ။
စိတ်သဘောထားကလည်း အင်မတန်နူးညံ့သိမ်မွေ့ပါတယ်။
စစ်စစ်ကုပ်ကုပ်မလုပ်တတ်ဘဲ လက်ဖွာ တတ်သူပါ။

ကိုယ့်အိုးကိုယ့်အိမ်ကိုယ့်နိုင်ငံတော်ကို အလွန်ခင်တွယ်တတ်သူပါ။
ကိုယ့်မိသားစုအတွင်းမှာ သာသာယာယာ ကြည်နူးစွာနဲ့
နေထိုင်ချင်တဲ့စိတ်မျိုးရှိတတ်သူပါပဲ။ ကွယ်ရာမှာ အပျော်မရှာတတ်ပါ။

လှေကြီးထိုးရိုးရိုးဝါဒကို ကြိုက်နှစ်သက်တတ်သူဖြစ်ပြီး အမြဲတစေ
ရိုးရိုးအေးအေးနေထိုင် တတ်သူပါ။

၁၂ - ၁၃ အတွင်း ။ ။ ဘဝတစ်လျှောက်လုံးမှာ အခက်အခဲများစွာနဲ့
ကြုံတွေ့ရတတ် တဲ့ကံပါပါတယ်။ အနှောင့်အယှက်ပေးခံရတဲ့ကံ ပါပါတယ်။
အဟန့်အတားပြုမှုခံရတဲ့ကံ ပါပါတယ်။
အခက်အခဲအနှောင့်အယှက်အဟန့်အတားတွေအမျိုးမျိုးကို ကြုံတွေ့ပြီးမှ
နောက်ဆုံးမှာတော့ အောင်မြင်မှုမျိုးနဲ့ ရရှိခံစားရမယ့်ဘဝ ကို ရရှိတတ်ပါတယ်။

အောင်မြင်၊ အကျိုးဖြစ်ထွန်းမှုရရှိပြီဆိုရင်လည်း အများတကာက

အံ့ဩရ လောက်အောင် အောင်မြင်တိုးတက်တဲ့ဘဝ မျိုးကို ပိုင်ဆိုင်ရတတ်သူပါပဲ။

တစ်ခုထူးခြားတာကတော့ ဘဝမှာ သက်ရှိထင်ရှားရှိစဉ်မှာ အသက်ရှင်တုန်းမှာတော့ အခက်အခဲ မျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရတတ်ပြီးနေရတတ်ပြီးတော့ သေပြီးတဲ့အခါမှာ ကျော်ကြားရ တတ်တဲ့ကံပါပါတယ်။ သေလည်းပြီးရောကောင်းသတင်းများနဲ့ ကျော်ကြားနေတတ်ပါတယ်။

သာမာန်မထင်မရှားဘဝမှာ မနည်းရုန်းကန်ကြိုးစားပါမှ အောင်မြင်တတ်သူဖြစ်ပါတယ်။

လုပ်ရမယ့်ကံ၊ ကြိုးစားပါမှ စံရမယ့်ကံပါတဲ့သူလို့ပြောရမှာဖြစ်ပါတယ်။ အပင်ပန်းခံပြီး မနားမနေကြိုးစားနေရတတ်သူဖြစ်ပါတယ်။

၁၃ံ - ၁၄ံ အတွင်း ။ ။ ဒီလိုအံသာအတွင်းမှာမွေးဖွားလာတဲ့သူကတော့ ဘဝခရီးလမ်းမှာ တစ်ကိုယ်တည်း အထီးကျန်ဆန်စွာနေသွားတတ်ရပါတယ်။ ဆွေမျိုးမိတ်သင်္ဂဟ ဘယ်လောက်ပဲ များများရှိစေကာမူ ဆွေမျိုးများက ဝိုင်းပယ်ခြင်းခံရတတ်တဲ့ ကံပါသူဖြစ်ပါတယ်။

ပျော်ရွှင်မှုတွေကင်းမဲ့ပြီး ခြောက်သွေ့လွန်းတဲ့ဘဝနဲ့ နေသွားရတတ်ပါတယ်။ အများရဲ့ လျစ်လျူရှုခြင်းမျိုးကိုလည်းခံရတတ်ပါတယ်။ ကိုယ့်မှာ ဘယ်လောက်ပဲဒုက္ခရောက်နေပါစေ အများကရော၊ ဆွေမျိုးသားချင်းတွေကပါ သိသိကြီးနဲ့ လျစ်လျူရှုနေတာကိုခံရတတ်ပါတယ်။ ကြောင်တောင်ကြည့်ခံရတဲ့ကံပါသူဖြစ်ပါတယ်။

ဘဝမှာ ဘယ်လောက်ထိအောင်ဆိုဝါးကြမ်းတမ်းတဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပါစေ ကူညီပံ့ပိုးမယ့် သူတွေကတော့ တစ်ယောက်မျှမရှိပါဘူး။ နောက်ဆုံးစိတ်ဓာတ်ကျပြီး ခြေဦးတည့်ရာကို လျှောက်သွားပြီး ဆင်းရဲနွမ်းပါးစွာနဲ့ ဘဝကိုနိဂုံးချုပ်ရတတ်ပါတယ်။

၁၄ - ၁၅ အတွင်း ။ ။
အရာရာမှာဆုံးဖြတ်ချက်မှားယွင်းတတ်ပါတယ်။ ကိုယ့်ရဲ့ယုံကြည်ချက် ကို အလေးမထားဘဲ သူတစ်ပါးရဲ့ အကြံဉာဏ်ကိုဦးစားပေးမိလို့ဆုံးဖြတ်ချက်လုပ်ရပ်တွေ မှားယွင်းပြီး ဘဝမှာ မိမိမျှော်လင့်ထားသလိုအကျိုးခံစားမှု မရရှိတတ်ဖြစ်နေတတ်ပါတယ်။

မှန်ကန်တဲ့၊ သရုပ်မှန်တဲ့၊ ယုတ္တိရှိတဲ့၊ အဓိပ္ပါယ်ရှိတဲ့ အတွေးအခေါ်ဆုံးဖြတ်ချက်မထားတတ်မိ လို့ ဒုက္ခရောက်ရတဲ့ကံပါပါတယ်။ မကြာခဏအလိမ်အညာခံရတတ်ပါတယ်။ သူတစ်ပါးအပေါ်၊ တစ်ဖက်သားအပေါ်ယုံကြည်တတ်သူဖြစ်လို့ အလိမ်ခံရတဲ့အဖြစ်မျိုးတွေနဲ့ ကြုံတွေ့နေရတတ်တာ ပါပဲ။

ကိုယ်အားကိုယ်ကိုးတတ်ဖို့၊ ကိုယ်မှာရှိတဲ့ ဉာဏ်ရည်ဉာဏ်သွေးအရည်အချင်း၊ အရည်အသွေး တွေကိုမှန်မှန်ကန်ကန်သုံးစွဲပြီး အလုပ်လုပ်ကိုင်မယ်ဆိုရင်တော့ ကိုယ်မျှော်လင့်ထား တဲ့ ကောင်းကျိုးချမ်းသာတွေနဲ့ ရရှိခံစားရတတ်သူဖြစ်ပါတယ်။ အဓိကတော့ ကိုယ့်ရဲ့အသိဉာဏ်ကို ချင့်ချိန်သုံးစွဲတတ်ဖို့ပါပဲ။

၁၅ - ၁၆ ။ ။ လူလောက လူ့သဘာဝနဲ့ပတ်သက်တဲ့ သဘာဝတရားသဘောကို အင်မတန်မှ စိတ်ဝင်စားတတ်သူဖြစ်ပါတယ်။ သဘာဝတရားကို အခြေခံတဲ့ အတွေးအခေါ်အမြော် အမြင်တွေနဲ့ စဉ်းစားဆင်ခြင်ပြီး သဘာဝတရားရဲ့ ကောင်းကျိုးချမ်းသာကို ရယူတတ်သူဖြစ်ပါတယ်။

အတွေးအခေါ်ပညာရှင်ဖြစ်တတ်သူဖြစ်ပါတယ်။ သဘာဝရဲ့ လှည့်စားချက်၊ သဘာဝရဲ့ဖြစ် ပျက်တတ်တဲ့ မမြဲသော အနိစ္စတရားတွေကို သိမြင်သုံးသပ်၍ နေတတ်သူဖြစ်ပါတယ်။

တစ်ဦးတည်း အေးအေးချမ်းချမ်းနေထိုင်ချင်တဲ့စိတ်ရှိသူဖြစ်ပါတယ်။

လူအများနဲ့ ရောရောနှော နှောမနေတတ်ပါ။ တရားရှိသူ၊ တရားရှာသူဘဝနဲ့ တစ်ယောက်တည်းအေးချမ်းသာယာမှုရှိအောင် စီစဉ်ပြီး ဘဝကို နေသွားတတ်သူဖြစ်ပါတယ်။

သဘာဝနဲ့ပက်သက်တဲ့ သမိုင်းရေးရာ ဝါဒသဘောထားများကိုလေ့လာလိုက်စားပါက ထူးချွန်သူ ဖြစ်ပါတယ်။

၁၆° - ၁၇° ။ ။

ဒီလိုအံ့သာအတွင်းမှာမွေးဖွားလာတဲ့သူတွေအဖို့ကတော့ ဖြစ်ပျက်တတ် တဲ့ သဘာဝ၊ ဖြစ်လိုက်ပျက်လိုက်နဲ့ အတည်တကျမရှိတဲ့ ဖောက်လွဲဖောက်ပြန် လောကဓံတရားသဘော ကိုတရားကျကျ နားလည်စွာလက်ခံ ထားသူများဖြစ်ပါတယ်။ ဘယ်ဟာမတည်မြဲ ဖောက်လွဲဖောက် ပြန်ဆိုတာကို အမြဲတမ်းပြောင်းလဲဖောက်ပြန်နေတဲ့ သဘာဝတရားကို လေ့လာဂရုစိုက်နေတတ်သူပါ။

တစ်ခါတစ်ရံ ကိုယ်ကျိုးကိုသာကြည့်တတ်ပြီးတော့ အင်မတန်မှ တကိုယ်ကောင်းဆန်တဲ့ ပြုမူချက် တွေ၊ လုပ်ရပ်တွေလုပ်တတ်ပါတယ်။ စည်းစိမ်ဥစ္စာ၊ ရတနာတွေ အပြည့်အဝရယူပြီးတော့ ကာမဂုဏ်စိတ်ပိုင်းမှာလည်း အင်မတန်မှ ကြီးမားပြင်းထန်သူဖြစ်ပါတယ်။

အသုံးနှင့်အဖြုန်းနှစ်ပိုင်းရှိတဲ့နေရာမှာ မလိုအပ်ဘဲ ဖြုန်းတီးဖြစ်တာများနေတော့ ဘဝမှာ ငွေမ မြဲတတ်ပါ။

၁၇° - ၁၈° အတွင်း။ ။ ဒီလိုအံ့သာအတွင်းမှာ မွေးဖွားလာတဲ့လူတွေကတော့ လူတိုင်းနှင့်သင့် တင့်အောင်ပေါင်းတတ်တယ်။ ရောက်တဲ့အရပ်မှာ ပျော်အောင်နေတတ်တယ်။ ရှိတာလေးနဲ့ လှအောင်ဝတ်တတ်တယ်။ ရတာ လေးနဲ့ ဝအောင်စားတတ်တဲ့ ရွှေပြည်အေးသမားတွေပဲ။ တွေ့တဲ့ သူနဲ့ မိတ်ဆွေဖြစ်လွယ်ပါတယ်။

အလိုက်သင်လိုက်လျောညီထွေဖြစ်အောင် ပေါင်းသင်းဆက်ဆံ တတ်သူဖြစ်ပါတယ်။

လူတိုင်းနှင့် တိုင်ပင်နေထိုင်တတ်သူဖြစ်သလို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေတတ်သူ ဖြစ်ပါတယ်။ စည်းလုံးညီညွတ်စွာတိုင်ပင်နေပြီး အေးချမ်းသာယာတဲ့ ဘဝအခြေအနေကို ဖန်တီးနိုင် စွမ်းရှိသူပါ။ အများရဲ့ အားကိုးမှု၊ ယုံကြည်မှု၊ ချစ်ခင်လေးစားမှု၊ ရိုသေမှုကိုခံစားရရှိသူဖြစ်ပါတယ်။ ညီညွတ်စွာတိုင်ပင်ဆွေးနွေးမှုကို အထူးခုံမင်နှစ်သက်တတ်သူဖြစ်ပါတယ်။

၁၈ံ - ၁၉ံ အတွင်း ။ ။ ဒီလိုအံသာအတွင်းမှာ မွေးဖွားလာတဲ့ ဇာတာရှင်တွေဟာ ဘဝမှာ ဦးတည်ချက်၊ ရည်ရွယ်ချက်ဆိုလို့ မယ်မယ်ရရ မရှိတတ်ပါဘူး။ ကြုံသလိုနေ၊ ကြုံသလိုစား၊ ဘာတစ်ခု မှ အလေးထားတတ်တဲ့စိတ်မရှိပါဘူး။ ခံယူချက်၊ ရည်မှန်းချက်လည်းမထားတတ်ကြပါ။

ဘယ်အရာ၊ ဘယ်ကိစ္စမျိုးမဆိုကိုယ့်ဖို့လောက်သာ ရှေ့တန်းတင်ပြီးစဉ်းစားတတ်တဲ့၊ ကိုယ့်ဖို့လောက်သိတဲ့ အတ္တသမားပါ။ ဘယ်သူသေသေငတေမာပြီးရောဆိုတဲ့ ဝါဒကို လက်ကိုင်ထား တတ်တဲ့လူမျိုးပါ။

ရွှေငွေပစ္စည်းဥစ္စာကိုလည်း တကယ်မက်တတ်တဲ့လူစားမျိုးဖြစ်နေတတ်လို့ ဘဝမှာအေးအေး ချမ်းချမ်းနဲ့မနေရတတ်ပါ။ အမြဲတစေပူပင်သောကဗျာပါဒတွေနဲ့ စိုးရိမ်စိတ်ဖြစ်နေပြီး နေတတ်သူပါ။

ဘယ်အရာ၊ ဘယ်ကိစ္စမျိုးမဆို ကိုယ်ရဖို့လောက်သာကိုယ်သိတဲ့လူမျိုးတွေပါပဲ။

၁၉ံ -၂၀ံ အတွင်း ။ ။ စွန့်စားတတ်တဲ့ဉာဉ်ရှိတဲ့သူပါ။ အရာရာကို စွန့်လွှတ်စွန့်စားနေထိုင် တတ်သူပါ။ စူးစမ်းရှာဖွေခြင်းနဲ့ပတ်သက်တဲ့ခရီးမျိုးကို သွားဖို့သိပ်ကို ဝါသနာပါတတ်သူပါ။ အရာရာကို စူးစမ်းလေ့လာတတ်သူဖြစ်ပါတယ်။

ကိစ္စတိုင်း၊ အလုပ်တိုင်းကိုမိမိနားလည်အောင်
လေ့လာသင်ယူတတ်ပါတယ်။ ဘယ်ပညာရပ် မဆို
တတ်သိနားလည်အောင်သင်ယူလိုတဲ့စိတ်မျိုးရှိသူဖြစ်ပါတယ်။
ဘယ်လိုအခက်အခဲမျိုး၊ ရန်သူတွေရဲ့ အနှောင့်အယှက်ပေးမှုကို
အမြဲတစေခံတတ်ပါတယ်။ ဘယ်လိုပဲရန်သူ အန္တရာယ် တွေများနေစေကာမူ
ရဲရင်တဲ့သတ္တိနဲ့ အရာရာကို အောင်မြင်မှုရရှိအောင် ကျော်လွှားနိုင်သူဖြစ်ပါတယ်။
ရဲရင့်ခြင်းနှင့်အတူ အကြောက်အလန့်ကင်းမဲ့တဲ့သူဖြစ်ပါတယ်။ မကြောက်တတ်၊
မလန့်တတ်ပါ။ ဖြစ်ကာမှဖြစ်ရော သိပ်ပြီးမကြောက်မလန့်နဲ့
လုပ်ရဲတဲ့သတ္တိမျိုးရှိတတ်သူဖြစ်ပါတယ်။

ရပ်ဝေးမြေခြားတိုင်းတစ်ပါး၊ နိုင်ငံခြား စသည့်ဝေးလံတဲ့နေရာဒေသမှာ
သွားရောက်ပြီး အလုပ်လုပ်ရတတ်ပါတယ်။ အောင်မြင်ဖြစ်ထွန်းပြီး
အကျိုးစီးပွားဥစ္စာ ဖြစ်ထွန်းတဲ့ကံပါပါတယ်။

၂၀ - ၂၁ အတွင်း ။ ။ ဒီလိုအံသာအတွင်းမှာမွေးဖွားလာတဲ့ သူဟာ
မိမိအပေါ်ဘယ်လိုပင် မှားမှားယွင်းယွင်း ရိုင်းရိုင်းစိုင်းစိုင်း စော်ကားနေစေကာမူ
အင်မတန်မှ သဘောထားကြီးစွာ သည်းခံ ခွင့်လွှတ်တတ်သူဖြစ်ပါတယ်။

သဘောထားကြီးကြီး ထားတတ်သူ၊ ခွင့်လွှတ်တတ်တဲ့စိတ်ကောင်း၊
စေတနာကောင်းရှိသူ ဖြစ်လို့ အရာရာမှာ စိတ်အေးချမ်းသာမှုရရှိနေမှာဖြစ်ပါတယ်။
အေးငြိမ်းချမ်းသာစွာနေထိုင်ရတတ်တဲ့ ကံပါပါတယ်။

ဘုန်းတန်ခိုးကြီးမားသူလည်းဖြစ်ပါတယ်။ အများအပေါ်မှာ
သြဇာလွှမ်းမိုးနိုင်ပြီး ခေါင်းဆောင် ကောင်း တစ်ယောက်ဖြစ်နေတတ်ပါတယ်။
အများရဲ့လေးစားကြည်ညိုမှုကိုခံယူရရှိနေတတ် သူလည်း ဖြစ်ပါတယ်။

ကောင်းမွန်မြင့်မြတ်စွာကြံစည်တတ်သူဖြစ်ပါတယ်။
အောင်မြင်တိုးတက်လိုသော ဆန္ဒကြီးမား

သူဖြစ်တဲ့အတွက်မို့ကြံသမျှပြီးမြောက်တတ်ပါတယ်။

၂၁ံ - ၂၂ံ အတွင်း။ ။ဒီလိုအံ့သာအတွင်းမှာ မွေးဖွားလာတဲ့သူတွေဟာ အတွေးအခေါ်မှာ အင်မတန်မှ နုံချာသူဖြစ်ပါတယ်။ ဗရမ်းပတာ နေထိုင်တတ်သူလည်းဖြစ်ပါတယ်။ အတွေးအခေါ်နဲ့ အသိတားနုံချာမှုတွေကြောင့် ဘဝမှာ အောင်မြင်သင့်သလောက်မအောင်မြင်ဘဲ လမ်းလွဲသို့ ရောက်သွားတတ်ပါတယ်။

အဲ့ဒီလို အခြေအနေတွေကြောင့် မိမိရဲ့ ဩဇာတိက္ကမနဲ့ ရည်ရွယ်ချက်နဲ့ပန်းတိုင်ဟာ ပျောက် ဆုံးနေရတတ်ပါတယ်။ မှန်မှန်ကန်ကန်မတွေးခေါ်တတ်သလိုမှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေနဲ့ မလုပ်သင့်တာတွေကို လုပ်မိလို့ ဘဝတွင်ထင်ထားသလောက် အကျိုးခံစားမှုမျိုးမရရှိတတ်ပါ။

စိတ်တွေဟာတည်ငြိမ်မှုမရှိတာကြောင့် ရည်ရွယ်ချက်၊ ဦးတည်ချက်မဲ့ကာ ပန်းတိုင်ပျောက်နေ တတ်သူပါ။

ကိုယ်တိုင်က ဘာလိုချင်မှန်းမသိဖြစ်နေတတ်လို့ ဘာလုပ်ရမှန်းလည်းမသိ ဖြစ်နေရပြီး ဘဝမှာ မရေမရာ၊ မသေမချာနဲ့ဘဲ အချိန်ကုန်သွားရတတ်တဲ့ ဇာတာရှင်တွေဖြစ်ပါတယ်။

၂၂ံ - ၂၃ံ အတွင်း။ ။အပေါင်းအသင်းကို ရွေးချယ်ပြီးမှ ပေါင်းသင့်ပါတယ်။ တွေ့ကရာလူနဲ့အပေါင်းအသင်းမလုပ်သင့်ပါ။ ဘဝတွင်မိမိရဲ့ကံကြမ္မာက အကျိုးပေးကောင်းနေ ပေမယ့် အပေါင်းအသင့်ကြောင့်ဒုက္ခအကြီးအကျယ်ရောက်ရတတ်ပါတယ်။ မကောင်းတဲ့အပေါင်း အသင်းတွေရဲ့အကျင့်ဆိုးတွေကြောင့် ဘဝမှာ ပျက်စီးရတတ်ပါတယ်။

၂၃ံ - ၂၄ံ အတွင်း။ ။အားကစားကိုယ်လက်လှုပ်ရှားမှုပြုတာမျိုးကို

အထူးခံ့မင်တတ်သူပါ။ ကိုယ်လက်လှုပ်ရှားအားကစားအတွင်လိုက်စားပါက ဘဝတွင် အကျိုးဖြစ်ထွန်းပြီး အောင်မြင်မှု ရရှိ တတ်ပါတယ်။

တစ်ခုသတိထားရမှာကတော့ ဆန့်ကျင်ဘက်လိင်များအပေါ်မှာ တကယ်စိတ်ဝင်စားတတ်ပြီး ဆန့်ကျင်ဘက်လိင်တွေရဲ့ အနှောင့်အယှက်ပေးမှုကြောင့် ဒုက္ခရောက်ရတဲ့ကံပါသူဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ ရည်ရွယ်ချက်တွေပျောက်သွားရတတ်ပါတယ်။ အထူးသတိပြုပါလို့ ဆန္ဒပြုပါတယ်။

၂၄ - ၂၅ အတွင်း ။ ။ ကိုယ့်ဘဝမှာသိက္ခာမရှိတဲ့အလုပ်မျိုး၊ သိက္ခာမရှိတဲ့အပြောမျိုး တစ်သက်မလုပ်တတ်ပါ။ အဆင့်အတန်းမရှိ အောက်တန်းကျတဲ့စိတ်ဓာတ်မရှိပါ။ အောက်တန်းကျတဲ့ ပြုမူလုပ်ကိုင်မှုတွေ ဘယ်တော့မှ မလုပ်တတ်သူဖြစ်ပါတယ်။

ဂုဏ်သိက္ခာကို အသက်နဲ့ထပ်တူတန်ဖိုးထားနိုင်တဲ့ ဇာတာရှင်မျိုးဖြစ်ပါတယ်။

မဟုတ်တာမလုပ်တတ်သလို မဟုတ်တာကိုလုပ်လာရင်လည်း တော်လှန်တတ်သူ၊ မဟုတ်မခံ စိတ်ရှိသူဖြစ်ပါတယ်။ မတရားသောနည်းနဲ့ ဖိနှိပ်ချုပ်ချယ်မှုကို မခံနိုင်တတ်ပါ။ လွတ်လပ်စွာ နေတတ်တဲ့ အကျင့်ရှိသူဖြစ်ပါတယ်။

၂၅ - ၂၆ ° အတွင်း ။ ။ ဒီလိုအံ့သာအတွင်းမှာ မွေးဖွားတဲ့လူတွေကတော့ မိမိဘုန်းကံကြောင့် မဟုတ်ဘဲ ကိုယ့်ထက်ရာထူးအာဏာဘုန်းတန်ခိုးမြင့်မားတဲ့ လူပုဂိုလ်တစ်ဦးရဲ့ကူညီပံ့ပိုးမစမှုကြောင့် ဘဝ အခြေအနေမြင့်မားတိုးတက်ရတဲ့ကံပါသူဖြစ်ပါတယ်။

မွေးရာပါကံ၊ အတိတ်ကပံ့ပိုးမှုရရှိသောကံမှာ အလွန်ကောင်းမွန်တတ်သူဖြစ်လို့ ဘယ်သူကမှ မကူညီတောင်မှ မိမိရဲ့ အတိတ်ကံကြောင့်ကိုယ့်ဘဝမှာ တိုးတက်မြင့်မားကောင်းစားမှုကို ခံယူရရှိနိုင်သူ

ဖြစ်ပါတယ်။

၂၆ - ၂၇ အတွင်း ။ ။ ရသင့်ရထိုက်သလောက်ကောင်းက
ျိုးပြုမှုကလေးကိုတောင် မရနိုင်တဲ့ကံ မျိုးပါ။ ဘာအလုပ်ကိုပဲလုပ်လုပ်
ကိုယ်ကြိုးစားသလောက်မခံစားရတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့နေရတတ် ပါတယ်။

ချမ်းသာမှု၊ ကြီးပွားမှု၊ တိုးတက်မှုမျိုးအတွက်ဘယ်လိုပင်
ကြိုးစားလုပ်ကိုင်စေကာမူ မချမ်းသာ၊ မတိုးတတ်ဘဲ ဖြစ်ဖြစ်နေရတဲ့ကံပါပါတယ်။
ချမ်းသာကြီးပွားလာရင်လည်း ခဏပဲ။ နောက်ပြန်ပြီးဆင်းရဲ
မွဲတေသွားရတတ်ပါတယ်။ ချမ်းသာကြီးပွားခြင်းကို ရေရှည်ထိန်းမထားနိုင်တဲ့သူပါ။

မိသားစုနဲ့လည်းအမြဲတမ်းအတူနေရတဲ့ ကံမပါပါ။
အမြဲတစေခွဲနေရတတ်ပါတယ်။ ကိုယ်ကိုယ်တိုင်ကလည်း ဇွဲလုံ့လ ဝီရိယ
အားနည်းသူဖြစ်ပါတယ်။ ဘယ်အရာ၊ ဘယ်အလုပ်ကိုမှ
ပြတ်ပြတ်သားသားကြိုးစားလုပ်ကိုင်ချင်တဲ့စိတ်မရှိတတ်ပါ။

၂၇ - ၂၈ အတွင်း ။ ။ စိတ်ကောင်း၊
စေတနာကောင်းရှိသူဖြစ်ပါတယ်။ စိတ်သဘော ထား
လည်းအင်မတန်ဖြူစင်သန့်ရှင်းပါတယ်။
အပေါင်းအသင်းမိတ်ဆွေသင်္ဂဟတွေအပေါ်မှာလည်း အနစ်န
နာခံပြီးလိုက်လျောဆက်ဆံတတ်ပါတယ်။

သူတစ်ပါးအခက်အခဲဒုက္ခဟူသမျှကိုလည်းအားတက်သရော
ကူညီဆောင်ရွက်ပေးတတ်တဲ့ စိတ်သဘောထားကောင်းမွန်သူဖြစ်ပါတယ်။ အဲဒီ
လိုဆောင်ရွက်ကူညီပေးတတ်လို့ အများကြီး ရိုသေလေးစားမှုကိုခံရတဲ့သူပါ။

ဘဝမှာ ဆန့်ကျင်ဘက်လိင်တွေရဲ့ ကူညီမစမှုကြောင့်
ချမ်းသာကြွယ်ဝစွာနေရတတ်ပါတယ်။ ကာမစည်းစိမ်ကိုလည်း
အပြည့်အဝကျေကျေနပ်နပ်ခံစားရတတ်တဲ့ကံပါသူဖြစ်ပါတယ်။ ကာမဆန္ဒကို

ဝဝလင်လင်ခံစားရသူဖြစ်ပါတယ်။
စန်းပွင့်တဲ့ကံအကျိုးပေးအလွန်ကောင်းမွန်သူဖြစ်ပါတယ်။

၂၈ံ - ၂၉ံ အတွင်း ။ ။ ဒီလိုအံသာအတွင်းမှာ မွေးဖွားလာတဲ့ ဇာတာရှင်တွေဟာ ဘယ်အလုပ်ကိုပဲလုပ်လုပ်ရိုးရိုးသားသား၊ ကြိုးကြိုးစားစား လုပ်ကိုင်တတ်သူဖြစ်လို့ ကြီးပွားချမ်း သာသူများဖြစ်ပါ တယ်။

ဘဝစိတ်ကူးယဉ်ဆန်တဲ့ ကိစ္စ၊ အတွေးအခေါ်တွေကို လက်မခံတတ်ပါ။ လက်တွေ့ကျကျစဉ်း စားချင့်ချိန်တွေးတောတတ်သူဖြစ်ပါတယ်။

ရိုးရိုးသားသားနဲ့ ကြိုးစားတတ်သူဖြစ်လို့ဘယ်လိုပဲ အနှောင့်အယှက်အခက်အခဲမျိုးတွေနဲ့ ကြုံတွေ့နေရစေကာမူ နောက်ဆုံးတော့ အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိခံစားတတ်ပါတယ်။

တစ်ခါတစ်ခါမှာတော့ အဖျက်စိတ်၊ ပျက်စီးချင်တဲ့စိတ်၊ မကောင်းတဲ့စိတ်ရိုင်းတွေဝင်လာတတ် ပါတယ်။

သစ္စာတရားကိုလက်ကိုင်ထားပြီး အရာရာကို ဆင်ခြင်တတ်သူဖြစ်လို့ ဘဂမှာအေးချမ်း သာယာစွာနေထိုင်ရတတ်သူဖြစ်ပါတယ်။

၂၉ံ - ၃ဝံ အတွင်း ။ ။ ဒီလိုအံသာအတွင်းမွေးဖွားလာတဲ့ ဇာတာရှင်တွေဟာ ဘယ်သူ ဘာပြောပြော ငါတကောကောတတ်တဲ့ညာဉ်ရှိသူဖြစ်ပါတယ်။ တတ်နိုင်လို့ဘယ်လောက် အကောင်း ပြောပြော ကိုယ့်ကို အကောင်းပြောတယ်လို့မထင်တတ်ကြပါဘူး။ ကိုယ်လုပ်တာမှ ကောင်းတယ်၊ မှန် တယ် ထင်နေတတ်ကြပါတယ်။

အဲဒီ လိုလုပ်ရပ်တွေကြောင့်မို့ အပေါင်းအသင်းဆွေမျိုးသားချင်းတွေက ကိုယ်နဲ့အပေါင်း အသင်းအဆက်ဆံ မပြုလုပ်ကြတော့တာခံရတတ်ပါတယ်။ ကိုယ်ကတော့ခပ်တည်တည်ပါပဲ။ မဖြုံ ပါဘူး။ အမြဲတမ်းလွတ်လွတ်လပ်လပ်နေပြီး ကိုယ်တင်ရာကိုယ်စိုင်းနေတတ်တဲ့ဝါသနာပါသူ ဖြစ်ပါတယ်။

ဘဝမှာအောင်မြင်ကြီးပွားမှုအတွက်၊ တိုးတက်ထွန်းကားဖို့အတွက် ဘယ်သူ့ဆီကမှ အကူအညီမရရှိဘဲ ကိုယ့်ဖာသာကိုယ်တစ်ဦးတည်း ကြိုးစားလှုပ်ရှားရတတ်ပါတယ်။

ဘဝမှာ မိန်းမကြောင့် အလုပ်အကိုင်၊ အကြံအစည်အကြီးအကျယ်ပျက်စီးဆုံးရှုံးတာ ခံရတတ် ပါတယ်။ မိန်းမကိစ္စအပျော်အပါးမက်မောခြင်းကြောင့် မိမိ၏ ဂုဏ်သိက္ခာ၊ အလုပ်အကိုင်၊ စီးပွားရေး၊ ကြီးပွားရေးမှစ ပျက်စီးယိုယွင်း၍ အခြေပျက်တတ်တဲ့ကံပါသူဖြစ်ပါတယ်။

နောက်ဆုံးတွင် ဘဝတစ်လျှောက်လုံး မိမိတစ်ဦးတည်း အဖော်အပေါင်းမရှိ၊ ဆွေမျိုးမိတ် သင်္ဂဟမရှိဘဲ အထီးကျန်စွာ၊ ခြောက်သွေ့စွာ ပျော်ရွှင်မှုကင်းမဲ့တဲ့ဘဝနဲ့ နေသွားရတတ်ပါတယ်။

*